# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

October 8 , 2024 — Volume 83, Number 6


| ၈.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၆၇၇ ကျပ် |



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဈေးကွက်အခွင့်အလမ်း ပိုကောင်းလာသည့် ဝဥ




မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သီးနှံများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများရှိပြီး တရုတ်ဈေးကွက်သို့ တင်ပို့ခြင်းများလည်းရှိကြသည်။

လက်ရှိတွင် နှစ်နိုင်ငံသက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် သစ်သီးဝလံ ကိုးမျိုးလောက်ကို တင်ပို့လျက်ရှိပြီး တရားဝင်တင်ပို့ခွင့်ရရန် ဆွေးနွေးနေသော သီးနှံများလည်းရှိသည်။

စက်တင်ဘာလကုန်ပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် လန်ချန်း-မဲခေါင် သစ်သီးပွဲတော်တွင်လည်း တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ပြုရန် စီစဉ်နေသော သီးနှံများကို ချပြခဲ့ကြသည်။

လတ်တလောကာလအတွင်း သရက်သီး၊ ဖရဲသီး၊ ရွှေသခွားမွှေး၊ တရုတ်ဆီးသီး (Jujube)၊ သမင်မျက်လုံးသီး(Longan)၊ မင်းဂွတ်သီး၊ ငှက်ပျောသီး အစရှိသည့် သီးနှံများကို တရုတ်ဈေးကွက်အတွင်းသို့ တရားဝင်တင်ပို့မှုရှိနေပြီး နောက်ထပ်သီးနှံငါးမျိုး၊ ခြောက်မျိုးလောက်ကို တင်ပို့ခွင့်ရရန်အတွက် လိုအပ်သော ဆွေးနွေးမှုများကို လုပ်ဆောင်နေကြခြင်းဖြစ်သည်။

ထိုသို့ တင်ပို့ရန်လုပ်ဆောင်နေသော သီးနှံများတွင် နာနတ်သီး၊ ပီလောပီနံ၊ ထောပတ်သီး၊ ဒူးရင်းသီး၊ မက္ကဒေးမီးယား၊ ကျွဲကော စသည်တို့နှင့်အတူ ဂဠုလည်း အပါအဝင်ဖြစ်သည်ဟု မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဆိုထားသည်။

ဝဥတင်ပို့မှုသည် ယခင်ကတည်းက တရားဝင်တင်ပို့ခြင်းများရှိပြီး ယခုခွင့်ပြုချက်လုပ်ဆောင်နေသည့် အနေအထားမှာ ဝဥခြောက်အတွက် GACC ရရှိရန် လျှောက်ထားလုပ်ဆောင်နေသည့် အခြေအနေမျိုးဖြစ်သည်။ အဆိုပါ GACC ဆိုသည်မှာ မြန်မာနိုင်ငံဘက်မှ တရုတ်ဘက်သို့ စားသောက်ကုန်နှင့်အသီးနှံများတင်ပို့ရာတွင် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၌ တင်ပို့မည့်ပစ္စည်းကိုမှတ်ပုံတင်ခွင့်ပြုခြင်းဖြစ်သလိုတရုတ်ဘက်သို့ သီးနှံများ တရားဝင်တင်ပို့နိုင်ခွင့်ရသည်ဟု ဆိုခြင်းဖြစ်သည်။

GACC မှတ်ပုံတင်စနစ်ဖြင့် တင်ပို့ခြင်းကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီမှ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး နှစ်နှစ်ဝန်းကျင်အကြား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလလောက်အထိကာလတွင် သီးနှံနှစ်မျိုးလောက်သာ GACC မှတ်ပုံတင် စနစ်အရ တင်ပို့ခွင့်ရရှိခဲ့သည်။

မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အချက်အလက်များအရ ယခုအခါ သီးနှံကိုးမျိုးလောက်မှာ ယင်းစနစ်ဖြင့် ခွင့်ပြုချက်ရ၍ တရားဝင်တင်ပို့နေခြင်းဖြစ်သလို ဝဥအပါအဝင် သီးနှံအချို့မှာလည်းတင်ပို့ခွင့်အတွက် ဆက်လက်လျှောက်ထားကာ ပြင်ဆင်နေသည့် အခြေအနေပင်ဖြစ်သည်။

ဝဥအစိုနှင့် အေးခဲထားသော ဝဥများမှာ GACC မှတ်ပုံတင်စနစ်ဖြင့် လျှောက်ထားစရာမလိုဘဲ တင်ပို့ခွင့်ရသော်လည်း ဂဠုအခြောက်အတွက်ယခုလိုလျှောက်ထားပြီးစောင့်ဆိုင်းနေကြရခြင်းလည်းဖြစ်သည်။ဂဠုအခြောက်ဖြင့်ပြုလုပ်သည့် အစားအသောက်များသည် ကျန်းမာရေးအတွက်ကောင်းမွန်ပြီး အသက်ရှည်စေခြင်းကြောင့် ဈေးကွက်ဝင်ကာ စားသုံးသူများလာခဲ့သည်။

တရုတ်ဈေးကွက်နှင့် ဂျပန်ဈေးကွက်တို့တွင် ဝဥများမှာ စားသုံးသူအကြိုက်အခြေအနေမျိုးဖြစ်သည်။ မြန်မာနိုင်ငံမှ ဂျပန်သို့တင်ပို့နေသည့် ဝဥခြောက်များမှာ နေလှန်းသည့်နည်းဖြင့် အခြောက်ခံကာ တင်ပို့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့သည့် ဝဥခြောက်များမှာ ဖိုများတွင်မီးတငွေ့ငွေ့ဖြင့်ကျပ်တိုက်အခြောက်ပြုလုပ်ခြင်းဖြစ်သည်။ နေလှန်း၍ အခြောက်ခံခြင်းနည်းလမ်း မှာ အရောင်အသွေးသိပ်မလှဘဲ ယခုလိုဖိုများတွင် မီးတင်၍ အခြောက်ပြုလုပ်ခြင်းမှာ အရောင်အသွေးလှကာ ဈေးကွက်အကြိုက်အခြေအနေမျိုး ဖြစ်သည်။

မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း မှ တာဝန်ရှိသူတစ်ဦးက " ကျွန်တော်တို့ဆီက သစ်သီးဝလံ ၉ မျိုးလောက်က တရုတ်ပြည်ကို ပို့ရပြီးပြီပေါ့နော်၊ နောက်ထပ်သီးနှံတွေ အများကြီးပို့ဖို့ရှိတယ်၊ ဥပမာဆိုရင် ထောပတ်သီး၊ ဒူးရင်းသီး၊ မက္ကဒေးမီးယား၊ ဝဥလိုမျိုးတွေ" ဟုလည်း လန်ချန်း- မဲခေါင်သစ်သီးပွဲတော် (မြန်မာ) ကျင်းပသည့်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဂဠုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ အလေ့ကျပေါက်ခြင်းလည်းဖြစ်သည်။ ထိုအလေ့ကျပေါက်သည့်အပင်မှ ဝဥကို တူးယူပြီးရောင်းချကြသလို ပြည်ပဈေးကွက်ဝင်သည့် အခြေအနေမျိုးကြုံလာခြင်းကြောင့် လွန်ခဲ့သော လေး၊ ငါး၊ ဆယ်နှစ်ဝန်းကျင်လောက်က စတင်စိုက်ပျိုးမှုများကို လုပ်ဆောင်ခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတွင် ဂဠုစိုက်ဧကမှာ ပျမ်းမျှဧကပေါင်း ၁၃,၀၀၀ ကျော်ရှိကြသည်။ အများစုမှာ ချင်းပြည်နယ်တွင် စိုက်ပျိုးခြင်းဖြစ်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိကြသည်။ အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးများနှင့် ဓေတ်မီဆေးဝါးများကို ဓေတ်မီနည်းစနစ်များ အသုံးပြုထုတ်လုပ်ရာတွင် ဝဥကို ကုန်ကြမ်းအဖြစ် အသုံးပြုလေ့ရှိကြသည်။

ဝဥများကို ဇူလိုင်လမှ အောက်တိုဘာလအတွင်း တူးဖော်ရရှိပြီး ယင်းကာလကို ဂဥ ရာသီကာလများဟု ပြောဆိုလေ့ရှိသည်။ ထိုကာလများတွင် မိုးကောင်းသောအခြေအနေမျိုးကြုံရခြင်းကြောင့် ဒေသခံများသည် ဝဥများကို တောတောင်များ အတွင်းမှ တူးဖော်ယူလာပြီး ဒိုင်များ၌ လာရောက်ရောင်းချလေ့ရှိကြသည်။ ဈေးကွက်အလားအလာကောင်းများ ပိုင်ဆိုင်နေခြင်းကြောင့် လည်း ဂဥကို သဘာဝအတိုင်း တူးဖော်ခြင်းအပါအဝင် စိုက်ပျိုးထားရာမှ ရိတ်သိမ်းလုပ်ဆောင်သည့်အခါမျိုးတွင် ထိခိုက်မှုမဖြစ် အောင် လုပ်ဆောင်တတ်ရန် စိုက်ပျိုးရေးပညာရှင်များနှင့် ဈေးကွက်ဆိုင်ရာကျွမ်းကျင်သူများက အကြံပြုထားခြင်းများလည်း ရှိသည်။

ရိတ်သိမ်းရာတွင် အပြင်ခွံထိခိုက်မိသည့် ဂဥသည် ယင်းအစိတ်အပိုင်းမှစ၍ အပင်ပုပ်ရောဂါများဝင်ရောက်လာတတ်ပြီး သို လှောင်ထားစဉ်တွင်လည်း အရည်အသွေးသိသာစွာကျဆင်းသွားနိုင်သည့် အခြေအနေမျိုးဖြစ်သည်။ဈေးကွက်အကြိုက်အရည် အသွေးကောင်းမွန်သော ဂဥများရရှိစေရန်အတွက်လည်း စတင်တူးဖော်ချိန်မှ သိုလှောင်ကာ ဈေးကွက်သို့ တင်ပို့ချိန်အထိ လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် စနစ်တကျဖြစ်စေရန် အသိပညာပေးခြင်းများလည်းရှိသည်။

ထို့ပြင် တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်၍ ပြည်ပဈေးကွက်များသို့ တင်ပို့ရန်လည်း ပြင်ဆင်နေခြင်းများရှိသည်။ ထိုသို့ပြင်ဆင်ရာတွင် လိုအပ်သော စက်ပစ္စည်းများ၊ နည်းပညာများနှင့် အရင်းအနှီးများအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူ များထံ တင်ပြ၍ ကြိုးပမ်းလုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံ ဝဥစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချသူများအသင်းမှ ဆိုထားသည်။

သာမန်အားဖြင့် သီးနှံများကို တင်ပို့ခြင်းများထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုလုပ်တင်ပို့သည့်အခါ ဈေးကွက်အလား အလာသာမကဘဲ ဈေးနှုန်းအပိုင်းတွင်လည်း ပိုမိုရရှိစေသည့် အခြေအနေမျိုးကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဝဥ စိုက်ပျိုး၊ထုတ်လုပ်၊ရောင်းချသူများအသင်း၏ စီစဉ်မှုဖြင့် ဝဥစားသောက်ကုန်ပြုလုပ်နည်း အခြေခံသင်တန်းများနှင့် ဝဥဟင်းလျာ အမျိုးမျိုး ဖန်တီးချက်ပြုတ်ပြိုင်ပွဲတို့ကို ၂၀၂၄ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့ပြီး ပြည်တွင်းတွင် ဂဥဈေးကွက်နှင့်ပတ်သက်၍ စိတ် ဝင်စားမှုပိုမိုစေရန်လည်း ဖန်တီးလာနိုင်ခဲ့သည်။

“ ဝဥစားသောက်ကုန်တော့ ထုတ်တတ်ပါပြီ၊ စီးပွားဖြစ် စားသောက်ကုန်ထုတ်မယ်ဆို ဘာတွေသိသင့်သလဲ၊ ဘာတွေ ဓာတ်ခွဲစမ်းသပ်ရမလဲ၊ မှိုမတက်အောင်၊ တာရှည်ခံအောင် ဘာတွေလုပ်ရမလဲ၊ ထုပ်ပိုးပစ္စည်း၊ အညွှန်း စတာတွေအတွက် မြန်မာ နိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပညာရှင်တွေကလည်း စာတွေ့ဆွေးနွေးပို့ချပေးတာတွေ ကို လုပ် ဆောင်ခဲ့ပါတယ်” ဟုလည်း အသင်းတာဝန်ရှိသူက ပြောကြားသည်။

သတ်သတ်လွတ်သမားများအတွက် စားသောက်ဖွယ်ရာများ ဖန်တီးရာတွင် ရေခူအတု၊ အသားတု၊ ပင်လယ်စာတု အမျိုး မျိုးကိုလည်း ဝဥအမှုန့်မှာ လုပ်ဆောင်နိုင်ပြီဖြစ်သည်။ ဝဥပန်းရောင်ကို စင်ကာပူနိုင်ငံမှ ဓာတ်ခွဲခန်းတွင် စစ်ဆေးရာတွင် အစေး ဓာတ် ၂၀,၀၀၀ ကျော်အထိရှိနေပြီး ယင်းအစေးဓာတ်သည် ခေါက်ဆွဲကဲ့သို့ နန်းမျှင်ဆွဲရန် အကောင်းဆုံးသော အခြေအနေ မျိုးကို ဖန်တီးနိုင်စွမ်းရှိနေခြင်းဖြစ်သည်။ ဂဥအမှုန့်ဖြင့် ပြုလုပ်သည့် ရေခူအတု၊ အသားတု၊ ပင်လယ်စာအတုအမျိုးမျိုးမှာ အစေး ဓာတ် ၈၅၀၀ ခန့်သာရှိသည့် အမှုန့်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဂဥသည် ကျန်းမာရေးစားသောက်ကုန် (Heathly Food) အတွက် အရေးပါသော အဓိကကုန်ကြမ်းမျိုး ဖြစ်လာစေမည်ဖြစ်သည်။ ယခုအခါတွင် တရုတ်၊ဂျပန် ဈေးကွက်များအပြင် အခြားသော ပြည်ပနိုင်ငံဈေးကွက်များအထိ ခြေ ဆန့်နိုင်ရန်လည်း တစ်ဖက်မှကြိုးပမ်းနေခြင်းများရှိရာ ဈေးကွက်အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်နေကြောင်း ရေးသား ဖော်ပြထားပါသည်။

**Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

**Source :** [https://t.me/htwettoe](https://t.me/htwettoe)

## သီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ဈေးနှုန်းသက်သာစွာရောင်းချပေးသွားမည်



မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှကြီးမှူး၍ ပြည်တွင်းဆီဖူလုံမှုကို ဖော်ဆောင်သည့်အနေဖြင့် ဆီစက်များ၏ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကိုသီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်ထိ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ (UMFCCI) ရှေ့တွင် ဈေးနှုန်းသက်သာစွာ ၃ ရက်တိုင်တိုင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဈေးရောင်းပွဲရောင်းချရေးကော်မတီထံမှ သိရသည်။

သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချမည့်ဆီများမှာ FDA လက်မှတ်ရပြီး ဆီအရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုရှိရမည့်အပြင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော အမှတ်တံဆိပ် ၊ ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများနှင့်လည်း ကိုက်ညီသည့် အရည်အသွေးကောင်းပဲဆီသန့် ပိဿာချိန် ၉၀,၀၀၀ ရောင်းချပေးသွားရန်လျာထားကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ သီတင်းကျွတ်ဈေးရောင်းပွဲတော်အဖြစ် ဆီအသင်းကနေ မြေပဲဆီအသန့်ကို တစ်ပိဿာ ကျပ် ၁၅,၀၀၀ နဲ့ ၅၀ ကျပ်သားကနေ ၁၀ ပိဿာ ပုံးနဲ့ လိုအပ်သလောက် ပွဲတော်ရက်အတွင်း ရောင်းချပေးသွားမှာပါ။ ဘူးထုပ်ပိုးခ အပါအဝင် ရောင်းချတဲ့ဈေးမို့ ဒီဆီဈေးက အပြင်ထက်သက်သာတဲ့ဈေးပါ။ ထို့ပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးက ဝန်ကြီးဌာန ဝန်ထမ်းတွေကို စုပေါင်းမှာယူပါက ဌာနအရောက် ပေးပို့ရောင်းချပေးသွားမှာပါ။ ဥပမာ- မန္တလေးမှာဆိုရင် စည်ပင်သာယာဝန်ထမ်းတွေဆိုရင် အများကြီးရှိပါတယ်။ စုပေါင်းမှာယူမယ်ဆိုရင် ပွဲတော်ရက်မတိုင်မီ အောက်တိုဘာ ၈ ရက်က စတင်ဖုန်းဆက်မှာ ယူနိုင်ပါတယ် ” ဟု ၎င်းကပြောသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးက ဌာနဆိုင်ရာဝန်ထမ်းများအတွက် ပွဲတော်ရက်မတိုင်မီကတည်းက ကြိုတင်၍ ဖုန်းနံပတ် ၀၉-၈၈၃၃၃၇၆၇၆ သို့ မနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း စုပေါင်းမှာယူပါက ဌာနအရောက် ပေးပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပြည်တွင်း ကားဈေးကွက် အရောင်းအဝယ်အေးကာ ဈေးနှုန်းကျဆင်းဟုဆို

ပြည်တွင်း ကားအရောင်းအဝယ်ဈေးကွက်တွင် အရောင်းအဝယ်အေးကာ ဈေးနှုန်းအနည်းငယ် ကျဆင်းမှုများရှိကြောင်း ကားဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ကျပ်သိန်း ၁၀၀၀ ဝန်းကျင်ကားများ ဈေးကျသည့် ရာခိုင်နှုန်းနည်းပြီး ကျပ်သိန်း ၂၀၀၀ ဝန်းကျင်ကားများ ဈေးကျသည့် ရာခိုင်နှုန်း အနည်းငယ်ပိုများကြောင်း ကားအမျိုးအစားလိုက် ဈေးနှုန်းကျဆင်းမှုများရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

“ ကားဈေးတွေကျတာပေါ့။ အရောင်းအဝယ် အေးတာကြောင့်မို့ ဝယ်လိုအားနည်းတယ်။ နည်းတဲ့အတွက်ကြောင့် တကယ်ရောင်းချင်တဲ့သူ လျှော့ရောင်းရတယ် ”ဟု ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကားဈေးနှုန်းကျသည့် အကြောင်းအရင်းများမှာ အရောင်းအဝယ်အေးခြင်း၊ ငွေဈေးမာနေခြင်းနှင့် ဘဏ်အတိုးမြင့်သွားခြင်းတို့ကြောင့် ကားဈေးနှုန်းအကျဘက်သို့ သွားနေခြင်းဖြစ်ကြောင်း ကားလုပ်ငန်းရှင်များက သုံးသပ်သည်။

လတ်တလော ကားဈေးကွက်အတွင်း ပုံမှန်ရောင်းဝယ်နေသည့်ကားများမှာ ငွေလိုသည့်သူများ၊ ကားလဲချင်သည့်သူများမှာ ဈေးလျှော့ရောင်းချမှုများကြောင့် ဈေးနှုန်းအပြောင်းအလဲများရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

**Source : The Standard Time Daily**

## မင်းဘူးမြို့နယ်၌ ငရုတ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ စပါးနှင့် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြပြီး စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို စိုက်ဧက ၂၀၀ ခန့် စိုက်ပျိုးမှု ရှိကြောင်း သိရသည်။

ငရုတ်သီးကို မေလတွင် ပျိုးထောင်၍ ဇွန်လတွင် မြေချစိုက်ပျိုးကြပြီး စက်တင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သာမို-၉၀၀၊ သာမို-၆၂၉ နှင့် သာမို-၉၉၉ တို့ကို စိုက်ပျိုးပြီး သာမို-၉၀၀ နှင့် သာမို-၆၂၉ ငရုတ်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျပြီး ပိဿာ ၈၀၀-၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ သီးနှံပေါ်စအချိန်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၂၀၀၊ သာမို-၆၂၉ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၅၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၅-၁၇ သိန်းခန့် အမြတ်ရရှိ ကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် လက်ကားဈေးအနေဖြင့် သာမို-၉၀၀ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀-၄၈၀၀၊ သာမို-၆၂၉ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀-၅၀၀၀ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက် အနေဖြင့် မကွေးမြို့၊ မင်းဘူးမြို့နှင့် စကုမြို့များရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံများ အသင့်အတင့်သာ ထွက်ရှိသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## Google ၏ ရင်းနှီးမြှုပ်နှံမှုက မလေးရှားနိုင်ငံ၏ GDP ကို ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့် ထပ်တိုးစေနိုင်

Google က ၎င်းတို့၏ မလေးရှားတွင် ရင်းနှီးမြှုပ်နှံမှုသည် အလုပ်အကိုင် ၂၆၅၀၀ ကိုဖန်တီးနိုင်ပြီး မလေးရှား၏ စီးပွားရေးကို ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ဘီလီယံ ထပ်တိုးစေနိုင်ကြောင်း ၎င်းတို့၏ Data Centre နှင့် Cloud Region စတင်တည်ဆောက်သည့် ၁-၁၀-၂၀၂၄ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားတွင် အမေရိကန်ဒေါ်လာ ၂ ဘီလီယံ တန်ဖိုးရှိသည့် Google ၏ Data Centre သစ်သည် အမြင့်ဆုံးသော Cloud ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မလေးရှားပြည်တွင်း နည်းပညာလုပ်ငန်း Dagang Nexchange Berhad နှင့် ၎င်းတို့၏ နှစ်ရှည်မိတ်ဖက်ဖွဲ့ကြောင်း ကြေညာပြီးနောက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Google သည် အရှေ့တောင်အာရှတွင် AI နည်းပညာပံ့ပိုးပေးရန်နှင့် Cloud သုံးစွဲလိုအားကြီးထွားလာမှုကို ဖြည့်ဆည်းရန်အတွက် ထိုင်းနိုင်ငံတွင်လည်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံရင်းနှီးမြှုပ်နှံ၍ Data Centre နှင့် Cloud Region တည်ဆောက်သွားမည်ဟု သိရသည်။

Google ၏ ဥက္ကဋ္ဌဖြစ်သူ Ruth Porat က ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်လွှား Cloud နှင့် AI ဝန်ဆောင်မှုများအတွက် သုံးစွဲလိုအားကို ဖြည့်ဆည်းပေးရန် စွမ်းဆောင်ရည်မြင့်မားပြီး ယုံကြည်အားထားရသော ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ရန် စီစဉ်ထားကြောင်းပြောကြားခဲ့သည်။

ဒစ်ဂျစ်တယ်ရင်းနှီးမြှုပ်နှံမှုများသည် မလေးရှား၏ စီးပွားရေးကို ယခုနှစ်တွင် တွန်းပို့ပေးခဲ့ပြီး ယခုနှစ် ပထမ ၆ လတာကာလတွင် နိုင်ငံ၏ စီးပွားရေးကြီးထွားမှုသည် ဈေးကွက်ခန့်မှန်းချက်များထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

Porat က ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုသည် အရည်အသွေးတိုးတက်စေရေးနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်ရေးအတွက် ၂၀၁၉ ခုနှစ်ကတည်းက လေ့ကျင့်ထားသည့် မလေးရှားလူမျိုး ၃၅၅,၀၀၀ ကဲ့သို့သော တည်ငြိမ်မှုရှိသည့် ကနဦးစတင်မှု အသစ်များအတွက် ပံ့ပိုးပေးရန်ပါဝင်ကြောင်း ပြောကြားခဲ့သည်။

Google ၏ ရင်းနှီးမြှုပ်နှံမှုသည် ကမ္ဘာ့နည်းပညာကုမ္ပဏီများက အရှေ့တောင်အာရှဈေးကွက်သို့ ကျယ်ပြန့်စွာ တိုးချဲ့လာမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် Microsoft က အင်ဒိုနီးရှားတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသည့် Cloud ဝန်ဆောင်မှုရင်းနှီးမြှုပ်နှံမှုကို ကြေညာခဲ့ပြီး Amazon က စင်္ကာပူတွင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံ၊ ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံနှင့် မလေးရှားတွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်းသိရသည်။

မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Tengku Zafrul Aziz က Data Centre များသည် AI ပါဝင်သော နည်းပညာကဏ္ဍတွင် ဒေသတွင်းဦးဆောင်သူဖြစ်လာရန် နိုင်ငံ၏ရည်မှန်းချက်များကို ပံ့ပိုးပေးနိုင်မည်ဟု ပြောကြားခဲ့သည်။

**Source : Bankok Post**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဗီယက်နမ်သီဟိုဠ်စေ့လုပ်ငန်း ကုန်သွယ်ရေးလိုငွေပြနိုင်ချေနှင့် ရင်ဆိုင်နေရ



သီဟိုဠ်စေ့များသည် ဗီယက်နမ်အတွက် ကြီးမားသည့်ဈေးကွက်ကို ဖန်တီးပေးသည့် ပို့ကုန်များထဲမှ တစ်ခုဖြစ်သော်လည်း ယခုအခါ ထိုလုပ်ငန်းသည် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာသောကြောင့် ကုန်သွယ်ရေးလိုငွေပြနိုင်ချေနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

ယခုနှစ် ပထမ ၈ လတွင် သီဟိုဠ်စေ့တင်ပို့မှုမှာ လွန်ခဲ့သည့်နှစ် (၂၀၂၃ ၏ တူညီသည့်ကာလထက် ပမာဏ ၂၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် တန်ဖိုး ၂၁ ဒသမ ၈ ရာခိုင်နှုန်း) မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်အထွေထွေဦးစီးဌာန၏အဆိုအရသိရသည်။

သီဟိုဠ်စေ့များတင်ပို့ရာမှ ဝင်ငွေရရှိမှုသည် ဆက်လက်ကြီးထွားနေဆဲဖြစ်သော်လည်း တင်ပို့မှုတန်ဖိုးနှင့် ကုန်ကြမ်းပစ္စည်းများတင်သွင်းမှု ကုန်ကျစရိတ်ကြားကွာဟမှုသည် တဖြည်းဖြည်းကျဉ်းမြောင်းလာကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် သီဟိုဠ်စေ့တင်ပို့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄ ဘီလီယံ ရရှိခဲ့သော်လည်း ကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သီဟိုဠ်စေ့လုပ်ငန်းနယ်ပယ်သည် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိခဲ့ကြောင်းသိရသည်။

TIR

ယခုနှစ်၏ ပထမ ၈ လတာကာလတွင် သီဟိုဠ်စေ့လုပ်ငန်းသည် ပြုပြင်ထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံသုံးစွဲခဲ့ပြီးဖြစ်ပြီး လွန်ခဲ့သည့်နှစ် ၂၀၂၃ စုစုပေါင်းတင်သွင်းမှုတန်ဖိုးနှင့် နီးကပ်နေပြီဖြစ်ကြောင်းသိရသည်။

ဗီယက်နမ်သည် သီဟိုဠ်စေ့များ ပြုပြင်ထုတ်လုပ်ရာတွင် ကမ္ဘာ့ထိပ်ဆုံးက ဦးဆောင်နေသည့် နိုင်ငံဖြစ်ကြောင်းသိရသည်။ ၎င်းတို့တွင် များပြားသည့် သီဟိုဠ်စေ့ပြုပြင်ထုတ်လုပ်သည့် စက်ရုံများရှိသော်လည်း ပြည်တွင်းသီဟိုဠ်စေ့ကုန်ကြမ်းဧရိယာသည် ထိုစက်ရုံများဝယ်လိုအား၏ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းသာ ပြည့်မီသည်အထိ လျော့ကျလျက်ရှိကြောင်းသိရသည်။

ကုန်ကြမ်းပစ္စည်းအများစုကို အာဖရိကနှင့် ကမ္ဘောဒီးယားမှတင်သွင်းကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်တွင် သီဟိုဠ်စေ့ကုန်ကြမ်း ထောက်ပံ့မှုသည် အတော်အသင့်ကြီးထွားခဲ့သော်လည်း ယခုနှစ်တွင် မိုးခေါင်မှုကြောင့် ထောက်ပံ့နိုင်စွမ်းမှာ သိသာစွာကျဆင်းခဲ့ကြောင်းသိရသည်။

ထို့ပြင် အာဖရိကနိုင်ငံများ၏ သီဟိုဠ်စေ့ကုန်ကြမ်းများ တင်ပို့ရောင်းချသည့် ဈေးနှုန်းမှာလည်း ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

ဗီယက်နမ်၏ သီဟိုဠ်စေ့အချောထည်တင်ပို့မှုဈေးနှုန်းမှာ သိသာစွာမကြီးထွားလာခဲ့သောကြောင့် လုပ်ငန်းများမှာ ကြီးမားစွာအရှုံးပေါ်ကြကြောင်း သိရသည်။

ဗီယက်နမ်သီဟိုဠ်စေ့အသင်း၏အဆိုအရ ဗီယက်နမ်၏ သီဟိုဠ်ပင်စိုက်ပျိုးသည့်ဧရိယာသည် တစ်နှစ်ထက်တစ်နှစ်လျော့ကျလာပြီး ဝင်ငွေရရှိမှုနည်းပါးခြင်းနှင့် တင်သွင်းလာသည့် သီဟိုဠ်စေ့အကြမ်းထည်များနှင့် ကြီးမားစွာယှဉ်ပြိုင်ရမှုကြောင့် ပြည်တွင်းစိုက်ပျိုးသူများသည်တန်ဖိုးမြင့်အခြားသီးနှံများအားပြောင်းလဲစိုက်ပျိုးလာကြကြောင်းသိရသည်။

အသေးစားနှင့်အလတ်စား စက်ရုံများသည်လည်း သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူရာတွင် ကြီးမားသည့် ပြုပြင်ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ အထူးသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့် ယှဉ်ပြိုင် နေရကြောင်း သိရသည်။

Binh Phuoc သီဟိုဠ်အသင်း၏ဥက္ကဋ္ဌဖြစ်သူ Uu Thai Son က သီဟိုဠ်စေ့လုပ်ငန်း၏ အကျိုးအမြတ်ရရှိမှုသည် အမြဲတမ်းအလွန်နည်းပါးပြီး ယခုအခါ အကျိုးအမြတ်မရရှိသည့်အပြင် တချို့မှာ အရှုံးပေါ်ကြကြောင်း ပြောကြားခဲ့သည်။

**Source: Vietnam Plus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယနိုင်ငံသို့ ပဲဝါအများဆုံးတင်ပို့သော နိုင်ငံဖြစ်လာသည့်ရုရှား



ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပဲဝါဈေးကွက်ကို အချိန်ကာလကြာမြင့်စွာ လွှမ်းမိုးထားသော ကနေဒါနိုင်ငံကို ကျော်ကာ အိန္ဒိယနိုင်ငံသို့ ပဲဝါအများဆုံးတင်ပို့ သော နိုင်ငံဖြစ်လာခဲ့သည်။

ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုမှ အိန္ဒိယနိုင်ငံသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ အတွင်း ပဲတန်ချိန် ၄ ဒသမ ၄၁ သိန်း တင်ပို့ခဲ့သည်။

ထိုပမာဏသည် ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်တစ်ခုလုံးအတွင်း ရုရှားနိုင်ငံမှတင်ပို့ခဲ့သော ပဲဝါတန်ချိန် ၄ ဒသမ ၀၁ သိန်းထက်များစွာတိုးတက်ခဲ့ကြောင်းသိရသည်။

ကနေဒါနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပဲဝါတန်ချိန် ၄ ဒသမ ၄၁ သိန်းတင်ပို့ခဲ့သည်။ ထိုပမာဏသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တစ်ခုလုံးအတွင်း ရုရှားနိုင်ငံမှတင်ပို့ခဲ့သော ပဲဝါတန်ချိန် ၄ ဒသမ ၀၁ သိန်းထက် များစွာတိုးတက်ခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှ စက်တင်ဘာလအတွင်း အိန္ဒိယသို့ ပဲဝါတန်ချိန် ၃ ဒသမ ၉၃ သိန်းတင်ပို့ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းပဲဝါတန်ချိန် ၁ ဒသမ ၃၈ သန်းတင်ပို့နိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရုရှားမှတင်သွင်းသော ပဲဝါတန်ချိန် ၄ ဒသမ ၄၁ သိန်းအတွက် အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၈၅ သန်း သုံးစွဲခဲ့ပြီး ကနေဒါမှတင်သွင်းသော ပဲဝါတန်ချိန် ၃ ဒသမ ၉၃ သိန်းအတွက် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၄၉ သိန်း သုံးစွဲခဲ့ကြောင်း သိရသည်။

**Source: pressreader**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (8.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,901 (Shares) | 42,557,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 548 | 4,712,900 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | -100 | -2.90% | 3,350 | 3,400 | 3,350 | 5,450 | 18,412,500 | 38,929,150 | 130,413 |
| MCB | 00003 | 8,800 | -200 | -2.22% | 8,800 | 8,800 | 8,800 | 60 | 528,000 | 10,400,986 | 91,529 |
| FPB | 00004 | 1,850 | -50 | -2.63% | 1,900 | 1,900 | 1,850 | 267 | 497,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,700 | 141 | 385,300 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,650 | 872 | 1,486,850 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 1,002 | 4,422,800 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +100 | +2.99% | 3,350 | 3,450 | 3,350 | 3,561 | 12,111,900 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 8th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 403.35 | -4.11 | -1.01% | 407.99 | 407.99 | 402.71 | 11,901 | 42,557,550 | 8 | 760,797 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 8th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 11,901 (Shares) | 42,557,550 (MMK) |

## Main Board

As of 1:00 pm, 8th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,901 (Shares) | 42,557,550 (MMK) |

| MYANPIX | 403.35 ▼ 4.11 |
|---|---|
| Total Volume (shares) | 11,901 |
| Total Value (MMK) | 43 mil |
| Listed Company | 8 |
| Market Cap. (MMK) | 760,797 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 3,350 | ▼ 100 |
| MCB | 00003 | 8,800 | ▼ 200 |
| FPB | 00004 | 1,850 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 100 |